## ခင်မျိုးချစ်၏ အမှာစာ

ဝတ္ထုရေးသူအဖို့ အရေးကြီးသောပစ္စည်းနှစ်ရပ်မှာ ဇာတ်လမ်းနှင့် ဇာတ်ကောင်ဖြစ်သည်။ ဝတ္ထုဖတ်သူများ၏ စိတ်တွင် ထိုဇာတ်မှန်းသိလျက်နှင့် 'တကယ့်အဖြစ်အပျက်များလေလား' ဟု ထင်ယောင်ထင်မှား ဖြစ်သွားစေနိုင်သည်။ ဝတ္ထုဇာတ်လမ်းကိုပင် တကယ့်အဖြစ်အပျက်ပမာ စာဖတ်သူ၏ စိတ်တွင်းဝယ် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ဒေါသဖြစ်ခြင်း ဖြစ်ပေါ်လာအောင် ဆွဲဆောင်သွားစေနိုင်သည်။ ဝတ္ထုရေးသူ လက်စွမ်းထက်လျှင် ထက်သလို ဇာတ်ကောင်များသည် ဝတ္ထုရေးဆရာ၏ စိတ်ကူးအရိပ်အယောင်မျှသာ မဟုတ်ဘဲ တကယ့်လူတွေကဲ့သို့ ထင်မြင်စေနိုင်သည်။ ဝတ္ထုတစ်ပုဒ်ကို ဖတ်ပြီးလျှင် 'ဒီလိုလူမျိုးတွေ တကယ်မရှိပါဘူးကွာ၊ ဝတ္ထုထဲသာ စာရေးဆရာရဲ့ စိတ်ကူးနဲ့လုပ်ထားလို့သာ ဖတ်နေရတာပါ' ဟု စာဖတ်သူ၏ စိတ်၌ဖြစ်သွားလျှင် ဝတ္ထုရေးဆရာသည် သူ၏ဇာတ်ကောင်ကို တကယ့်လူနှင့်တူအောင် အသက်မသွင်းနိုင်ဟု ဆိုရပေမည်။ ဝတ္ထုတစ်ပုဒ်၏ ကောင်းခြင်းလက္ခဏာမှာ ဇာတ်ကောင်ပေါ်တွင် များစွာတည်နေသည်။

သော်တာဆွေ၏ 'ဘွန္နောကြက်သူခိုး' ဝတ္ထုကို ဝတ္ထုကောင်းတို့



ဇာတ်လိုက် ကိုတက်ပုကဖြင့် အသက်ဝင်ပါပြီ။ ဇာတ်ပြည့်ဇာတ်ရံများကို တစ်ဖန်ကြည့်ပြန်ရာ ဦးကြီးဖြိုး၊ အရီးချစ်စုတို့အပြင် တစ်ခါတလေမှ ပေါ်လာတတ်သော ဆန့်သည်မကလေး ဖွားသက်ပင်လျှင် စာဖတ်ရသူစိတ်ထဲတွင် တကယ့်လူကဲ့သို့ မှတ်မိနေသည်။ ထန်းရေဝိုင်းတွင် တောသားတစ်စု နွားမတမ်းမ တင်ပဆုံသား အရသာရှိပုံ ပြောနေကြသည်မှာ စိတ်ဝင်စားစရာ ကောင်းသလောက် တစ်ခါတစ်ခါ သိပ်ရိုင်းပါလား၊ တယ်ရက်စက်ပါလားဟု ဖတ်ရသူစိတ်ထဲတွင် ရွံ့သလို တွန့်သွားမိသည်။ တောသူတောင်သားများမှာ မြို့ကြီးသားများကဲ့သို့ ကာမဂုဏ်စည်းစိမ် ခံစရာတွေ များများမရှိရှာကြ။ သူတို့ ဘာသာဘာဝ အရသာ ယူရှာကြပေသည်တကားဟု သူတို့အလုပ်ကို မကဲ့ရဲ့ မထောက်ခံဘဲ လျစ်လျူရှုလိုက်ခြင်းပင်လျှင် ဤဝတ္ထု၏အနုပညာဂုဏ် မြောက်သည်ဟု ဆိုချင်ပါသည်။ တောင်သူလယ်သမား ကျောမွဲတွေဘက်က ရှေ့နေလိုက်ခြင်း၊ အသနားခံခြင်းမပါ။ သူတို့၏အခြေအနေကို **'အရင်းအတိုင်း'** ပြနိုင်ခြင်းမှာ ဤဝတ္ထု၏ ထူးခြားချက်ဖြစ်ပေသည်။ ကိုတက်ပုသည် သူရဲကောင်းဇာတ်လိုက်ကြီး၊ ဘုရားလောင်း ဇာတ်လိုက်ကြီးများလို ထည်ဝါခန့်ညားခြင်းမရှိ။ သာမန်လူဖြစ်၍ သူများနည်းတူ ကောင်းသည့်အခါကောင်း၊ ဆိုးသည့်အခါဆိုး သူလိုငါလို ဖြစ်သည်။

ဘယ်လိုပင် ထန်းရေသောက်သောက်၊ ကြက်ခိုးခိုး ဥပုသ်တော့ အနည်းဆုံးတစ်လတစ်ခါ ဟန်လုပ်လို့ဖြစ်ဖြစ် စောင့်ရှာသည်။ ရှပ်အင်္ကျီလျှော်ပြီးသားကလေးနှင့် ရှာရက်လုံချည်ကလေးကို ဝတ်ကာ တဘက်ပျော့ကလေးခေါင်းမှာပတ်၍ ခါတိုင်းလို အင်္ကျီမပါ ပုဆိုးညစ်နှင့် အလုပ်ပင်ပင်ပန်းပန်းမလုပ်ရဘဲ အားအားယားယား ဟန်မျိုးဖမ်းရှာသည်။ မယားလုပ်သူက ဆန်နို့ဆီဘူးသုံးလုံးခန့်ကို ထမင်းပန်းကန်ပြားထဲမှာ ခပ်မောက်မောက်ကလေးထည့်ပြီး အပေါ်က စံပယ်ကုံးကလေး ရစ်ခွေလို့၊ အဲဒါလေး လက်ကကိုင်ပြီး ဘုန်းကြီးကျောင်းသွားဖို့ ပြင်ရှာသည်။ ထိုခဏတွင် ကြက်ခိုးထန်းရေသမား ကိုတက်ပုနှင့် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အယုတ္တအနတ္တတွေ



အော်ဆဲတတ်သော မငွေမြိုင်တို့မှာ သူတို့၏ရိုးတွင်းခြင်ဆီ၌ စွဲနေသည့် ဗုဒ္ဓဘာသာမြန်မာ၏ ယဉ်ကျေးမှုကလေးများနှင့် မကင်းကွာကြောင်း တွေ့ရပေသည်။

ကိုတက်ပုသည် မြို့သို့ရောက်သောအခါ၌ ပတ်ဝန်းကျင်အခြေအနေ၏ တွန်းကန်နှိပ်စက်မှုကြောင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲရရှာပြန်သည်။ **'မြူပြာမှုလင်္ကျီ'** ဝတ္ထုတွင် ဟာစ်တလုံးကုမ္ပဏီအား **'ရပ်ဖြစ်ရှစ်ပါး'** ပုံပြင်လက်သစ်ဖြင့် ချော့ခဲ့သည့် အာဝဇ္ဇာန်းများသည် ဆရာမကလေး အရီနှင့်တွေ့သောအခါ ကဗျာဉာဏ် အာဘော်များအဖြစ်သို့ တစ်ဆင့်တက်လာခဲ့၏။ အရီ၏ နိုင်ငံရေးတရားများပြောဆိုပုံမှာ ဝတ္ထုထဲသို့ နိုင်ငံရေးစကားအတင်းပစ်သွင်းသည်နှင့်မတူဘဲ အာလာပသလ္လာပပြောရင်းက ကိုတက်ပုသွားချေးထူသည်ကို စကားစပ်မိသွားသည်။ ထိုမှတစ်ဖန် တောသူလယ်သမားများ၏ မသိနားမလည်မှုကိုရောက်သွားရာ နိုင်ငံရေးစကားအဖြစ်ပြောင်းသွားပုံမှာ ယဉ်လှသည်။ ကိုတက်ပုနှင့်အရီ စကားလက်ဆုံကျနေစဉ် ဖွားသက်ရောက်လာလိုက်၊ နွားရောင်းမည့်သူ ရောက်လာလိုက်နှင့် ဖြစ်သွားပုံမှာ အရီ၏စကားများကို လက်တွေ့ထောက်ခံနေသည်။

အရီ၏နိုင်ငံရေးတရားကို ကိုတက်ပုသာမက စာဖတ်သူပါ စိတ်ပါသွားရသည်။

အရီသည် သော်တာဆွေ၏ ဇာတ်ကောင်များတွင် စိတ်ကူးယဉ်ဖန်ဆင်းထားသော သူတစ်ဦးဖြစ်သည်။ စာရေးဆရာက ဖြစ်စေချင်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ ကိုတက်ပုတို့ကဲ့သို့ သူလိုငါလို အရောင်အဆင်းမရှိ မွဲခြောက်ခြောက် ဇာတ်ကောင်တွေကြားထဲတွင် သူက အရောင်တောက်နေသည်။ တစ်ဇာတ်လုံးယောကျ်ားတွေက ထန်းရေသမား၊ ကြက်သူခိုး၊ မိန်းမတွေကလည်း ပါးစပ်က အယုတ်တမာတွေဆဲ၊ လူတစ်ဖက်သားကောက်ကျစ် ညှဉ်းဆဲနေသူတွေချည်းဆိုလျှင် အဘယ်မှာ ကောင်းနိုင်ပါတော့မည်နည်း။ အရီဝင်လာလိုက်ပုံမှာ အကုသိုလ်တွေ ဗရပွနေသည့်အမှောင်ထုထဲတွင် အားယူ၍ မှိတ်တုတ်မှိတ်တုတ် နေရှာသော ကြယ်ကလေးနှင့်တူ



ပေသည်။ နောက်ဆုံးတွင် ထိုကြယ်ကလေး၏ အလင်းရောင်သည် အမှောင်ထုကို လွှမ်းမိုးအောင်မြင်သွားပုံမှာ စာဖတ်သူ ဘဝင်ကျပီတိဖြစ်ဖွယ် ကောင်းပါပေသည်။

မနှစ်မြို့စရာ အနိဋ္ဌာရုံတွေကို မူတည် ဇာတ်အိမ်ဖွဲ့ရေးရင် အရီကဲ့သို့ အလင်းရောင်ပေးသည့် ဇာတ်ကောင်တစ်ဦးဝင်အောင် သွင်းလာပုံမှာ အမှတ်မဲ့ကြည့်လျှင် သာမန်လက်ရာဟု ထင်စရာရှိသည်။ သို့သော် ထိုလက်ရာမှာ ပညာသည်၏ လက်ရာဖြစ်ကြောင်းကို သက်သေပြလိုသည်။ (ခွေးကောင်လေး... မင်း သိပ်ခွေးကြီးမသွားနဲ့ဦး၊ ဘုန်းပီလို့ဝမ်းကျလည်း ငါမတတ်နိုင်ဘူး....)။

လူ့လောကတွင် ကြောက်ဖွယ်လိလိ အကုသိုလ်များ မိုးမွှန်သည့် ဇာတ်လမ်းများကို ဇာတ်ကွက်ဆင်၍ရေးရာတွင် ရှိတ်စပီးယားသည် အလွန်ရက်ရက်စက်စက် နိုင်လှသည်။ မိဘကို ပြစ်မှားနှိပ်စက်သူ၊ ကျေးဇူးရှင်ကို ရက်ရက်စက်စက်သတ်၍ မင်းလုပ်သူ၊ တစ်ဇာတ်လုံး မျောက်မထား၊ လင်သတ်၊ မကောင်းကြံ အစရှိသည်ဖြင့် အမျိုးမျိုးသော အနိဋ္ဌာရုံများဖြင့် တင်းကြမ်းပြည့်ဇာတ်များကို ရေးရာတွင် စာဖတ်သူ၏ စိတ်တွင် လောကကြီးဟာ အကုသိုလ်တရားတွေ ပြည့်နေတာပဲ၊ ဆောက်တည်ရာမရနိုင်တဲ့ အမှောင်ထုကြီးပဲဟု စွဲမသွားစေရန် အလင်းရောင်ပေးသည့် ဇာတ်ကောင်တစ်ကောင် ထည့်ပေးတတ်သည်။ ထိုဇာတ်ကောင်သည် တစ်လောကလုံး ရှုံးသွပ်၍ ဖြစ်ချင်ရာဖြစ်နေသော်လည်း ကျောက်တောင်ပမာ တည်တံ့၍ နောက်ဆုံးအားလုံး သေကျေပျက်စီးသောအခါ သူ့လက်ထဲတွင် အလင်းရောင်မီးပွားကလေးကျန်နေခဲ့သည်။ ထိုမီးပွားကလေးသည် နောင်ခါ မီးရှူးမီးတိုင်ဖြစ်ကာ လူ့လောကကို အလင်းရောင် ပေးစေရန်ဖြစ်သည်။

သော်တာဆွေသည် ရှိတ်စပီးယားကို မဖတ်ဖူးဟု ထင်သည်။ ဤသို့ရေးလိုက်ခြင်းမှာ သော်တာဆွေ ရှိတ်စပီးယားလောက် တော်သည်ဟု မဆိုလိုပါ။ သော်တာဆွေ၏လက်ရာသည် ပညာသည်တို့၏ လက်ရာဖြစ်ကြောင်းကိုသာ ထင်ရှားစေခြင်းဖြစ်သည်။ သူ အမှတ်မထင်ဆွဲလိုက်သော



ကလောင်ချက်သည် ပညာသည်၏လက်ရာဖြစ်ကြောင်း သူ့ဘာသာ သိချင်မှလည်း သိမည်။ ထိုလက်ရာမျိုးကို အကဲခတ်သူကကြည့်၍ ဝတ္ထုကို ဝေဖန်ရခြင်းဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ဤ 'ဘွန္နောကြက်သူခိုး' ဝတ္ထုမှာ ဝတ္ထုကောင်းတို့၏ အင်္ဂါနှင့် ပြည့်စုံပါသည်ဟု ထင်မြင်ယူဆမိပါကြောင်း။

◆

ခင်မျိုးချစ်